ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်

ညွှန်ကြားချက် ( ၅ /၂၀၁၉ )

**မြန်မာအမျိုးသမီးသင်္ဘောသားများအား Seafarer's Identification and Record Book(SIRB) နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေး၍ အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန်အတွက် စေလွှတ်ရာတွင် ဆောင်ရွက်ရန်ကိစ္စများ**

၁။ မြန်မာအမျိုးသမီးသင်္ဘောသားများအား SIRB နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေး၍ အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန်အတွက် စေလွှတ်ရာတွင်အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်သွားရမည်-

(က) **အမျိုးသမီးသင်္ဘောသားအဖြစ်လျှောက်ထားခြင်း**

(၁) အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများတွင် လက်ရှိတာဝန်ထမ်းဆောင်လျှက်ရှိသော အမျိုးသမီးများမှ လျှောက်ထားခြင်း၊

(၂) အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောကုမ္ပဏီများမှ လာရောက်ရွေးချယ်၍ အောင်မြင်သော အမျိုးသမီးများမှ လျှောက်ထားခြင်း၊

(၃) အပြည်ပြည်ဆိုင်ရာသွားအပျော်စီး သင်္ဘောကုမ္ပဏီများမှ Online မှရွေးချယ်၍ အောင်မြင်သော အမျိုးသမီးများမှ လျှောက်ထားခြင်း ၊

(ခ) **သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းလုပ်ငန်း (Seafarer Recruitment and Placement Services-SRPS)Co., များမှ အမျိုးသမီးသင်္ဘောသားစုဆောင်းစေလွှတ်ခွင့်လျှောက်ထားခြင်း**

(၁) ဤရုံး၏ (၂၁.၉.၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၇ ဖြင့် ထုတ်ပြန်ထားသော သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာ ချထားခြင်းဆိုင်ရာ ဝန်ဆောင်မှု ဆောင်ရွက်ပေးသော သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်ရယူထားရန်၊

(၂) အမျိုးသမီးသင်္ဘောသား စုဆောင်းစေလွှတ်ခွင့်အတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ဦးစီးဌာနသို့တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာဆောင်ရွက်ရန် –

(ကက) အမျိုးသမီးသင်္ဘောသားများ တာဝန်ထမ်းဆောင်မည့် သင်္ဘော၏ ပိုင်ရှင်နှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ် (Agreement Contract) များ၊

(ခခ) သင်္ဘောပိုင်ရှင်၏ ကုမ္ပဏီ Profile နှင့် ကုမ္ပဏီမှတ်ပုံတင် ( Registration) များ၊

(ဂဂ) သင်္ဘောပိုင်ရှင်အလိုက်သင်္ဘောစာရင်း၊

(ဃဃ) သင်္ဘောတစ်စီးချင်းအလိုက်သင်္ဘောသားများ၏လစာစာရင်း၊

(ငင) သင်္ဘောသားများ၏ လူမှုလုံခြုံရေး (Social Security) အတွက် အာမခံထားရှိသည့် P&I Club များ၊

(စစ) MLC သတ်မှတ်ချက်များအတိုင်းရေးသားထားသော သင်္ဘောသား အလုပ်အကိုင် သဘောတူစာချုပ်(SEA) (အင်္ဂလိပ်/ မြန်မာ)

**အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများပေါ်တွင် လက်ရှိ တာဝန်ထမ်းဆောင်လျှက်ရှိသော အမျိုးသမီးသင်္ဘောသားများအတွက် SIRB နှင့် မြန်မာနိုင်ငံကူးလက်မှတ်လျှော့ပေါ့ထားပေးခြင်း**

၂။ **SRPS Co., များသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်–**

(က) အပြည်ပြည်ဆိုင်ရာသွားအပျော်စီးသင်္ဘောများသို့ အမျိုးသမီးသင်္ဘောသား စေလွှတ်ထားရှိသော ကုမ္ပဏီများသည် မိမိတို့ရွေးချယ်စေလွှတ်ထားရှိသော အမျိုးသမီး သင်္ဘောသားများ၏ အမည်၊ ရာထူး၊ တာဝန်ထမ်းဆောင်လျှက်ရှိသော သင်္ဘော အမည်နှင့် IMO နံပါတ်၊ လက်ရှိ ကိုင်ဆောင်လျှက်ရှိသော မြန်မာနိုင်ငံကူးလက်မှတ် များကိုဖော်ပြ၍ ဦးစီးဌာနသို့ အမည်စာရင်းပေးပို့ရန် ၊

(ခ) အပိုဒ်(က)အမည်စာရင်းပါအမျိုးသမီးများသည် အမှန်တကယ်တာဝန်ထမ်းဆောင် လျှက်ရှိသူများ ဟုတ် / မဟုတ် စိစစ်နိုင်ရန် သင်္ဘောပေါ်တွင် ၎င်းတို့အသုံးပြုလျှက် ရှိသော Flag State စာရွက်စာတမ်းများကို ဦးစီးဌာနသို့တင်ပြရန် ၊

(ဂ) SRPS Co., များမှ တင်ပြလာသော အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများ ပေါ်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသော အမျိုးသမီးသင်္ဘောသားများစာရင်းကို ဦးစီးဌာနမှ စိစစ်ပြီးပါက သတ်မှတ်ထားသော သင်တန်းများ တက်ရောက်နိုင်ရေး ဌာနသို့ တင်ပြဆောင်ရွက်ရန် ၊

(ဃ) သင်တန်းတက်ရောက်ပြီးသော အမျိုးသမီးသင်္ဘောသားများကို ဦးစီးဌာနတွင် SIRB လျှောက်ထားခြင်းနှင့် ဦးစီးဌာန၏ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ နိုင်ငံကူးလက်မှတ်အမျိုးအစား ပြောင်းလဲလျှောက်ထားခြင်းများဆောင်ရွက်ရန် ၊

၃။ ဦးစီးဌာနသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဦးစီးဌာနသည် SRPS Co., များမှ အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများတွင်တာဝန်ထမ်းဆောင်မည့် အမျိုးသမီးသင်္ဘောသားများ စုဆောင်းစေလွှတ်လိုကြောင်း အပိုဒ် ၁ ( ခ ) ( ၂ ) ပါ စာရွက်စာတမ်းများဖြင့်တင်ပြလာပါက စိစစ်၍ ခွင့်ပြုပေးရန် ၊

(ခ) SRPS Co., များမှ ၎င်းတို့စေလွှတ်ထားသော အမျိုးသမီး သင်္ဘောသားများစာရင်းနှင့် ၎င်းတို့ကိုင်ဆောင်ထားရှိသော Flag State စာရွက်စာတမ်းများကို တင်ပြလာပါက Tripartite Committee တွင်စိစစ်၍ မှန်ကန်ပါက ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခွင့်ပြုချက်ရယူ၍ သတ်မှတ်ထားသော သင်တန်းတက်ရောက်စေပြီး SIRB ထုတ်ပေးခြင်းနှင့် သင်္ဘောသားနိုင်ငံကူးလက်မှတ် လဲလှယ်နိုင်ရေး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ၊

SRPS Co., များမှ အမျိုးသမီးသင်္ဘောသားစုဆောင်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန် စေလွှတ်ခြင်း

၄။ SRPS Co., များသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပြီး၍ နိုင်ငံခြားကုမ္ပဏီမှ အမျိုးသမီးသင်္ဘောသားများလာရောက် ရွေးချယ်ပါက ရွေးချယ်မည့်နေရာ၊ နေ့ရက်၊ အချိန်တို့ကို ဦးစီးဌာနသို့ ကြိုတင်တင်ပြရန် ၊

(ခ) ရွေးချယ်သည့်နေ့များတွင် ဌာနမှကိုယ်စားလှယ် လာရောက်ကြည့်ရှု အကဲဖြတ်နိုင်ရေးစီစဉ်ပေးရန် ၊

(ဂ) နိုင်ငံခြားကုမ္ပဏီမှ အပြီးသတ်ရွေးချယ်ပြီးသော အမျိုးသမီးသင်္ဘောသားများ စာရင်းကို သင်တန်းတက်ရောက်ခွင့်ပြုရေး ဦးစီးဌာနသို့တင်ပြရန် ၊

(ဃ) ဌာန၏ခွင့်ပြုချက်ရရှိပါက မိမိတို့ရွေးချယ်ထားသော အမျိုးသမီးသင်္ဘောသားများ ဌာနမှသတ်မှတ်ပေးသော သင်တန်းကျောင်းများတွင် သတ်မှတ်ထားသောသင်တန်းများတက်ရောက်ရေး ဆောင်ရွက်ရန် ၊

(င) သင်တန်းတက်ရောက်ပြီးနောက် SIRB လျှောက်ထားခြင်းကို ဦးစီးဌာနတွင်လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းကိုဦးစီးဌာန၏ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့တွင် လည်းကောင်း၊ SRPS Co., များမှ တာဝန်ယူ၍ လျှောက်ထားရယူပေးရန်၊

(စ) အမျိုးသမီးသင်္ဘောသားများ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရန်အတွက် SID Card လိုအပ်ပါကဌာနသို့ တင်ပြလျှောက်ထားထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးရန်၊

(ဆ) STCW Convention အရ ဌာနမှသတ်မှတ်ထားသော သင်တန်း(၃)ခုမှလွဲ၍ ကျန်လိုအပ်သော Professional သင်တန်းများကို SRPS Co., ၏အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရန်၊

(ဇ) အမျိုးသမီးသင်္ဘောသားများကို တာဝန်ထမ်းဆောင်မည့်သင်္ဘောသို့ စေလွှတ်ခြင်း မပြုမီ အလုပ်ခန့်အပ်ခြင်း သဘောတူစာချုပ်များ စနစ်တကျချုပ်ဆိုရန်၊

(ဈ) အမျိုးသမီးသင်္ဘောသားများအား တာဝန်ထမ်းဆောင်မည့်သင်္ဘောသို့ စေလွှတ်ခြင်း မပြုမီ ၎င်းတို့၏ အခွင့်အရေး၊ အကျိုးစီးပွားကို ကာကွယ်စေနိုင်ရန်အလို့ငှာ ၎င်းတို့ ကြိုက်နှစ်သက်ရာ သင်္ဘောသား Union တစ်ခုသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်စေရန်၊

(ည) အမျိုးသမီးသင်္ဘောသားများ အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများသို့ တာဝန်ထမ်းဆောင်ရန်အတွက် သွားရောက်ရာတွင် ဌာန၏ထွက်စာကို Online စနစ်ဖြင့်ရယူ၍ ထွက်ခွာစေရန်၊

(ဋ) အမျိုးသမီးသင်္ဘောသားများ ပြန်လည်ရောက်ရှိလာပါကလည်း အမျိုးသား သင်္ဘောသားများနည်းတူ ပြန်လည်ရောက်ရှိကြောင်း သတင်းပို့ခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်စေရန်၊

(ဌ) SRPS Co., သည် အမျိုးသမီးသင်္ဘောသားများ ထွက်ခွာခြင်း၊ ပြန်လည်ရောက်ရှိခြင်းနှင့် Onboard စာရင်းများကို အမျိုးသား သင်္ဘောသားများနည်းတူ ဦးစီးဌာနသို့ လစဉ်တင်ပြရန်၊

၅။ ဦးစီးဌာနသည်အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရမည်-

(က) ဦးစီးဌာနသည် SRPS Co., များမှ အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများ တွင်တာဝန်ထမ်းဆောင်မည့် အမျိုးသမီးသင်္ဘောသားများ စုဆောင်းစေလွှတ်လို ကြောင်း အပိုဒ် ၁ (ခ) (၂) ပါ စာရွက်စာတမ်းများဖြင့် တင်ပြလာပါက စိစစ်၍ ခွင့်ပြု ပေးရန်၊

(ခ) SRPS Co., နှင့် စာချုပ်ချုပ်ဆိုထားသော နိုင်ငံခြားကုမ္ပဏီမှ အမျိုးသမီးသင်္ဘောသား လာရောက်ရွေးချယ်ရန် တင်ပြလာပါက စိစစ်၍ ခွင့်ပြုပေးပြီး ရွေးချယ်သည့်အချိန် များတွင် ကိုယ်စားလှယ်စေလွှတ်၍ စစ်ဆေးအကဲဖြတ်ရန်၊

(ဂ) SRPS Co., မှ စိစစ်ရွေးချယ်ပြီးသောသူများ၏ စာရင်းတင်ပြလာပါက ညွှန်ကြားရေး မှူးချုပ်ထံ စိစစ်တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ သတ်မှတ်ထားသော သင်တန်းများကို သင်တန်းကျောင်းများတွင် တက်ရောက်သင်ကြားနိုင် ရေးညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဃ) သတ်မှတ်သင်တန်းများ တက်ရောက်ပြီးနောက် ဦးစီးဌာနမှ SIRB ထုတ်ပေးရန်နှင့် သင်္ဘောသားနိုင်ငံကူးလက်မှတ်အမျိုးအစားလျှောက်ထားနိုင်ရေး၊ မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(င) SRPS Co., များမှ အမျိုးသမီးသင်္ဘောသားများ ထွက်ခွာခြင်း၊ ပြန်ရောက်သတင်းပို့ ခြင်းများ စနစ်တကျဆောင်ရွက်စေရန်၊

(စ) အမျိုးသမီး သင်္ဘောသားများအတွက် SIRB နှင့် သင်္ဘောသား မြန်မာနိုင်ငံကူးလက် မှတ်ထုတ်ပေးခြင်းမစတင်မီ ကြိုတင်၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ဘုတ်အဖွဲ့နှင့် လေဆိပ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနများသို့ ကြိုတင်၍ အကြောင်း ကြားစာများ ပေးပို့ထားရန်၊

**Tripartite Committee ၏လုပ်ငန်းတာဝန်များ**

၆။ Tripartite Committee သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) လက်ရှိ တာဝန်ထမ်းဆောင်လျှက်ရှိသော အမျိုးသမီးသင်္ဘောသားများအဖြစ် SRPS Co., များမှ တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများ မှန်ကန်ခြင်းရှိ/ မရှိ စိစစ် အတည်ပြုပေးရန် ၊

(ခ) SRPS Co., များမှ အမျိုးသမီးသင်္ဘောသားများ စေလွှတ်ရန်အတွက် Agreement Contract ချုပ်ဆို၍ တင်ပြလာသော Manning Co./Ship Owner များအား မှန်ကန် မှုရှိ/မရှိ စိစစ်အတည်ပြုပေးရန် ၊

(ဂ) SRPS Co., များမှ စုဆောင်းရွေးချယ်ထားပြီး တာဝန်ထမ်းဆောင်မည့် သင်္ဘောသို့ စေလွှတ်ခြင်းမပြုမီ သင်္ဘောသား Union များသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်ပေးရန် ၊

၇။ အမျိုးသမီးသင်္ဘောသားများအား အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများသို့ စေလွှတ်သည့် SRPS Co., များသည် မြန်မာအမျိုးသမီးသင်္ဘောသားများအား SIRB နှင့်မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေး၍ အပြည်ပြည်ဆိုင်ရာသွား အပျော်စီးသင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန်အတွက်စေလွှတ်ရာတွင် ဆောင်ရွက်ရမည့် အထက်ပါလုပ်ထုံးလုပ်နည်းများအပြင် (၂၁.၉.၂၀၁၇) ရက်နေ့တွင်ထုတ်ပြန်ထားသော ဤရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၇ ပါ သင်္ဘောသား စုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုဆောင်ရွက်ပေးသော သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

သောင်းကြိုင်

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ရညန/အက်စ်ဒီ/ ၁၂၂၉

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ( ၁၉ )ရက်